**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၂၈)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၀)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ ၁၄-၃-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ စွန့်လွှတ်မြေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဝင်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တွင် စုဝေးခန်းမဆောင် တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ(၂)ထပ် RC (၄)ခန်းပါ အဆောက်အအုံ တစ်ဆောင်တို့ကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တွင် စုဝေးခန်းမဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ(၂)ထပ် RC (၄)ခန်းပါ အဆောက်အအုံ တစ်ဆောင်တို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့

အမျိုးသားလွှတ်တော်မှာ စိုက်ပျိုးရေးသိပ္ပံကျောင်းနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းကို ၁၄-၆-၁၉၇၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်တွင် ပြန်လည်ပိတ်ခဲ့ပါတယ်။ ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်)ဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတင်ခဲ့တဲ့နှစ်မှာ ကျောင်းသားအင်အား (၁၁၂)ယောက်ဖြင့် စတင်ဖွင့်လှစ်ပညာသင်ကြားခဲ့ခြင်း ဖြစ်ပါတယ်။ ယခု ပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသား(၁၅၅)ဦး၊ ဒုတိယနှစ်ကျောင်းသား (၁၄၀)ဦး၊ တတိယနှစ်ကျောင်းသား(၉၅)ဦးရှိပြီး စုစုပေါင်းကျောင်းသားအင်အား(၃၉၀)ထိ ပညာသင်ကြားနေခြင်း ဖြစ်ပါတယ်။ လက်ရှိ ကျောင်းဆောင်မှာ (၁၈၀x၃၆)ပေ၊ သုံးထပ်ဆောင်(၁)ဆောင်နှင့် (၁၇၂x၂၈)ပေ (၁၀)ခန်းပါ နှစ်ထပ်ဆောင်(၁)ဆောင်ပဲ ရှိနေပါတယ်။ စုပေါင်းခန်းမဆောင်အနေနဲ့ ရှိမနေပါ။ ကျောင်းသားများစုပေါင်းပြီး အခမ်းအနားများပြုလုပ်ရန်နှင့် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ဆိုလျှင် ယခုတက်ရောက်နေသည့် တတိယနှစ်ကျောင်းသားများ ကျောင်းပြီးမြောက်မည် ဖြစ်ပါတယ်။

ကျောင်းပြီးမြောက်မည့် ကျောင်းသားများအား စိုက်ပျိုးရေးသိပ္ပံဘွဲ့ ပေးအပ်ချီးမြှင့်ရန် စုဝေးခန်းမဆောင် လိုအပ်မည်ဖြစ်ပါတယ်။ အဲဒါကြောင့် စုဝေးခန်းမဆောင် (၁)ဆောင်ကို ဆောက်လုပ်ပေးရန် အရေးတကြီး လိုအပ်နေတာဖြစ်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်)တွင် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားမှာ (၁၃၀)ဦးရှိသော်လည်း လက်ရှိဝန်ထမ်းအင်အားမှာ (၅၄)ဦးသာ ရှိနေပါတယ်။ လက်ရှိ ဝန်ထမ်းနေအိမ်များမှာလည်း (၂)ထပ်၊ (၈)ခန်းတွဲ (၁)ဆောင်ပဲရှိပြီး၊ လက်ရှိ ဝန်ထမ်းအင်အားနဲ့ နေအိမ်များမှာလည်း လောက်ငမှုမရှိ လိုအပ်နေတာ တွေ့ရပါတယ်။ ဝန်ထမ်းများနဲ့ ဆရာ၊ ဆရာမများမှာ ကျောက်တော်မြို့ပေါ်မှ မဟုတ်ကြဘဲ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများပဲ ဖြစ်ပါတယ်။ ဝန်ထမ်းများနဲ့ ဆရာ၊ ဆရာမများ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာကိုလည်း မဖြစ်မနေ ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာရှိတဲ့ တစ်ကျောင်းတည်းသော စိုက်ပျိုးရေးသိပ္ပံကျောင်းဟာ ရခိုင်ပြည်နယ်အတွက် မရှိမဖြစ် အရေးကြီးသော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးမြေဧက (၁)သန်းကျော်အတွက် စိုက်ပျိုးနိုင်ရန် နည်းပညာ အများကြီး လိုအပ်နေပါတယ်။ စိုက်ပျိုးရေးပညာရှင်တွေ မွေးထုတ်ပေးရန်လည်း လိုအပ်ပါတယ်။ စိုက်ပျိုးရေးကို အဓိက အားထားနေရတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးပညာတွေပေးနေတဲ့ အဆိုပါကျောင်းကြီး၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်)တွင် စုဝေးခန်းမဆောင်(၁)ဆောင်နှင့် ဝန်ထမ်းအိမ်ရာ (၂)ထပ် RC (၄)ခန်းပါ အဆောက်အဦ(၁)ဆောင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင် ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှာရှိတဲ့ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှာ စုဝေးခန်းမဆောင်(၁)ဆောင်နဲ့ ဝန်ထမ်းအိမ်ရာ (၂)ထပ် RC (၄)ခန်းပါ အဆောက်အအုံ(၁)ဆောင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလှကျော် မှ ပြန်လည်ဖြေကြားပေး ပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ မိမိတို့နိုင်ငံမှာ အလယ်အလတ်အဆင့် စိုက်ပျိုးရေးကျွမ်းကျင်သူတွေ မွေးထုတ်ပြီး တောင်သူတွေရဲ့ လယ်ယာလုပ်ငန်းခွင်တွေမှာ စိုက်ပျိုးပညာရပ်များ အသုံးချ အထောက်အကူပြုနိုင် စေမယ့် လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးအလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခု တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ပြည်နယ်၊ ပြည်မဒေသများမှာ စိုက်ပျိုးရေးသိပ္ပံကျောင်း(၁၄) ကျောင်းကို တည်ထောင်ဖွင့်လှစ်ပေးပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မှာရှိတဲ့ စိုက်ပျိုးရေး သိပ္ပံ(ကျောက်တော်)ကို ၂၀၁၆၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ လက်ခံ နိုင်တဲ့ အင်အားအရ စတင်ဖွင့်လှစ်တဲ့ ကာလမှာပဲ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၁၀၀)ဦးကို စတင်လက်ခံ သင်ကြားပေးခဲ့ပါတယ်။ တစ်နှစ်နဲ့ တစ်နှစ် ကျောင်းဝင်ခွင့် လျှောက်ထားလာမှု တိုးတက် လာတာနဲ့အလျှောက် လက်ရှိကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိဆိုရင် ပထမနှစ်မှ တတိယနှစ်အထိ ကျောင်းသူ၊ ကျောင်းသားပေါင်း စုစုပေါင်း(၃၉၀)ဦး ပညာသင်ကြားနေတဲ့ စိုက်ပျိုးရေး သိပ္ပံကျောင်း ဖြစ်ပါတယ်။ သိပ္ပံကျောင်းရဲ့ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအနေနဲ့ အရာထမ်း(၁၄)ဦး အပါအဝင် စုစုပေါင်း(၁၃၀)ဦး ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ အရာထမ်း(၁၁)ဦး အပါအဝင် ဝန်ထမ်းအင်အား(၅၄)ဦးကို ခန့်ထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)ဟာ ယခင်တည်ရှိခဲ့တဲ့ ကျောက်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းပေါ်မှာ အခြေတည်ခဲ့ပြီးတော့ စိုက်ပျိုးရေးသိပ္ပံကျောင်း အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ပညာသင်ကြားရေးအပိုင်းမှာ လိုအပ်တဲ့ စာသင်ဆောင်တွေအနေနဲ့ (၂)ထပ်ဆောင်(၂)လုံးနဲ့ (၁)ထပ်ဆောင်(၄)လုံးတို့ဖြင့် စီမံဆောင်ရွက်ခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားတွေ အိပ်ဆောင်အနေနဲ့ စုစုပေါင်း အိပ်ဆောင်(၅)လုံး ရှိပါတယ်။ ဝန်ထမ်း

အင်အားအနေနဲ့ကတော့ ကျောင်းအုပ်ကြီး နေအိမ်(၁)လုံးနဲ့ ဝန်ထမ်းများနေထိုင်ဖို့ (၄)ခန်းတွဲ (၂)ထပ်ဆောင်(၁)လုံးသာ ရှိသေးပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာ တက်ရောက်ပညာသင်ကြားကြတဲ့ ကျောင်းသူ၊ ကျောင်းသားဦးရေနဲ့ သင်ကြားရေး ဆရာ၊ ဆရာမများ အပါအဝင် ဝန်ထမ်းအင်အား အခြေအနေအပေါ် မူတည်ပြီးတော့ ဝန်ထမ်းအိမ်ရာ နည်းပါးတဲ့ကျောင်းတွေကို အိမ်ရာများ ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဘဏ္ဍာရန်ပုံငွေ လျာထားနိုင်မှုနဲ့ ချိန်ဆပြီး ဦးစားပေးအလိုက် စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးရလျက်ရှိတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)တွင် စုဝေးခန်းမဆောင် (၁)ဆောင်နဲ့ ဝန်ထမ်းအိမ်ရာ(၂)ထပ်ဆောင် (၄)ခန်းတွဲ အဆောက်အအုံ(၁)လုံး အတွက်ကိုတော့ ကျောက်တော်ကျောင်းရဲ့ လိုအပ်ချက်နဲ့အညီ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ရန်ပုံငွေ ထည့်သွင်းလျာထားတင်ပြပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်၍ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**မြန်မာတိုင်းရင်းသား လုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိအစိုးရလက်ထက် ပြည်တွင်း ပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍများသို့ ချေးငွေထုတ်ချေးမှု အခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက မြန်မာတိုင်းရင်းသား လုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနဲ့ လက်ရှိအစိုးရလက်ထက် ပြည်တွင်း ပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍများသို့ ချေးငွေထုတ်ချေးမှု အခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ၂၀၁၅-၂၀၁၆ ငွေရေးကြေးရေး တရားဝင် အစီရင်ခံစာအရ နိုင်ငံပိုင်ဘဏ်(၄)ခု၊ ပုဂ္ဂလိကဘဏ်(၂၄)ခုနှင့် နိုင်ငံခြားဘဏ်ခွဲ(၉)ခုသာ ဖွင့်လှစ်ထားပြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒီ အရေအတွက်က တိုင်းပြည်ရဲ့ လူဦးရေ၊ စီးပွားရေးလုပ်ငန်း အရွယ်အစား၊ GDP တို့အရ ပတ်ဝန်းကျင်နိုင်ငံများရဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ အနေအထားနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းဘဏ် အရေအတွက်က အလွန်နည်းပါးလာသေးတာကို Power Point မှာ တင်ပြထားသလို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာ အဲဒီနိုင်ငံရဲ့ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်အချိုးကျ သက်ဆိုင်နေသလို ဘဏ်များရဲ့ ခိုင်မာအားကောင်းမှုနဲ့ ဝန်ဆောင်မှု အဆင့်အတန်းကလည်း ပြည်သူလူထုရဲ့ အလုပ်အကိုင် အခွင့်အလမ်းနဲ့ လူမှုစီးပွား တိုးတက်ဖြစ်ထွန်းရေးကို များစွာအထောက်အကူ ဖြစ်စေပါတယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ အဓိကအားဖြင့် တိုင်းပြည်ရဲ့ GDP အတွက် (Labour intensive industry)အပေါ် လုပ်သားအင်အား အခြေပြု စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ တည်မှီနေရပြီး အရင်းအနှီး အခြေပြု စီးပွားရေးလုပ်ငန်းများကတော့ အင်မတန်ဖွံ့ဖြိုးမှုနောက်ကျနေတာကို တွေ့ရမှာဖြစ်ပါတယ်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဟာ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်အရေးကြီးလာပြီး အဲဒီကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ဆိုတာဟာ (Source of finance) လို့ခေါ်တဲ့ ငွေရေးကြေးရေး အကူအညီ အထောက်အပံ့ပေးနိုင်စွမ်းရှိတဲ့ ဘဏ်လုပ်ငန်းတွေအပေါ်မှာ အထူးအလေးပြု အားကိုးအားထားပြုနေရပါတယ်။ တကယ့်လက်တွေ့မှာတော့ ပုဂ္ဂလိကဘဏ် အများစုဟာ ကျွန်တော်တင်ပြခဲ့သလို ရင်းနှီးငွေ အမှန်တကယ်လိုအပ်နေတဲ့ ကဏ္ဍတွေကို စနစ်တကျ ချေးငွေထုတ်ချေး ပံ့ပိုးတာမျိုးထက် မိမိတို့ရဲ့ လုပ်ငန်းခွဲများနဲ့ နီးစပ်ပတ်သက်ရာ ကုမ္ပဏီများကိုသာ ချေးငွေထုတ်ချေးနေတာ တွေ့ရပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အဓိက စီးပွားရေးမောင်းနှင်အားဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသေးစား၊ အလတ်စား လုပ်ငန်းများဟာ ဘဏ်တွေနဲ့ အလှမ်းဝေးပြီး နိုင်ငံတကာ ကူညီထောက်ပံ့ငွေ၊ ချေးငွေတွေနဲ့ အကူအညီရငွေတွေအပေါ်မှာ မဝရေစာ အားကိုးရှင်သန်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (Development Banking)လို့ခေါ်တဲ့ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဟာ ကျွန်တော်တို့ နိုင်ငံတွေ မဆိုထားနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင်မှ အလွန်အင်မတန် အရေးကြီးတဲ့ အခန်းကဏ္ဍမှာ မပါမဖြစ် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ဖွံ့ဖြိုးရေး ဘဏ်လုပ်ငန်းနဲ့ ပတ်သက်လို့ အခုအချိန်အထိ လောက်လောက်လားလားဆိုလို့ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်(၇၀)သက်တမ်းရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တစ်ခုတည်းသာ ရှိနေသေးပြီးတော့ ပုဂ္ဂလိက ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဟာ မရှိသလောက် ရှားပါးနေတယ်ဆိုတာကို ဝမ်းနည်းစရာ တွေ့ရှိရပါတယ်။ လက်ရှိ ပုဂ္ဂလိကဘဏ်တွေဟာ သတ်မှတ်အတိုးနှုန်းနဲ့ ပြည်သူလူထုရဲ့ အပ်ငွေကို လက်ခံရယူပြီး ငွေလွှဲ၊ ငွေပို့လုပ်ငန်းများကိုသာ အဓိက အာရုံစိုက် အကျိုးအမြတ်ရယူနေတာ တွေ့ရပါတယ်။ တိုင်းပြည်တွင် ဘဏ်အရေအတွက် နည်းပါးခြင်းဟာ ဈေးကွက်လက်ဝါးကြီးအုပ်မှုကို ဖြစ်ပေါ်

စေပြီး အပြိုင်အဆိုင်နည်းပါးစေတဲ့အတွက် ဘဏ်လုပ်ငန်းကဏ္ဍရဲ့ ဝန်ဆောင်မှုနဲ့ အကျိုးကျေးဇူး ဖြစ်ထွန်းစေမှုကိုလည်း အားနည်းချည့်နဲ့စေပါတယ်။ အထူးသဖြင့် ပြည်သူလူထုအတွက် ရွေးချယ်စရာ ရှားပါးပြီး တိုင်းပြည်အတွက် အရေးတကြီးလိုအပ်တဲ့ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း တိုးတက်စည်ပင် ဖြစ်ထွန်းစေဖို့လည်း ကြီးကြီးမားမား ထိခိုက်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ပုဂ္ဂလိကဘဏ်အသစ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုတာ မတွေ့ရသေးပါဘူး။ ဘဏ်အရေအတွက် နည်းနည်းနဲ့ ဘဏ်ခွဲများ များသာ ရှိသင့်တယ်ဆိုတဲ့ အယူအဆကလည်း လက်ရှိပြည်တွင်းဘဏ်တွေကို စိတ်ကြိုက်လက်ဝါးကြီး အုပ်ခွင့်ပြုနိုင်အောင် အကာအကွယ်ပေးသလို ဖြစ်ပြီးတော့ ပြည်သူလူထုအတွက် လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ကိုပါ ကန့်သတ်ပိတ်ပင်ထားသလို ဖြစ်နေပါတယ်။ အထူးသဖြင့် ပြည်သူများ အမှန် တကယ်လိုလား တောင့်တနေတဲ့ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးကို ပိတ်ဆို့ တားဆီးထားသလို ဖြစ်နေပြီးတော့ လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်လိုသူများကိုပါ ရည်ရွယ်ချက်ရှိရှိ ချုပ်ချယ်ဟန့်တားထားသလို ဖြစ်နေပါတယ်။ အစိုးရသစ်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ရပ်မှာ ဈေးကွက် စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိစေရန်လို့ ဖော်ပြပါရှိပါတယ်။ အဆိုပါ မူဝါဒနဲ့အညီ နိုင်ငံ အတွက် လိုအပ်လျက်ရှိတဲ့ ပုဂ္ဂလိကဘဏ်လုပ်ငန်းများ၊ အထူးသဖြင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများကို လုပ်ကိုင်လိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးကြိုဆို ခွင့်ပြုပေးခြင်းအားဖြင့် လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးစည်ပင်တိုးတက် လာစေမှာဖြစ်တဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

မေးခွန်းကတော့ လက်ရှိအစိုးရလက်ထက် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များ အတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည် ကို သိရှိလိုခြင်းနဲ့ လက်ရှိအစိုးရလက်ထက် ပြည်တွင်း ပုဂ္ဂလိကဘဏ် အသစ်များ တည်ထောင် လုပ် ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဖွင့်လှစ်ထားသော ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ မွေးမြူ ရေးကဏ္ဍ၊ SME ကဏ္ဍများသို့ ချေးငွေထုတ်ချေးထားမှု အခြေအနေများကို ရာခိုင်နှုန်းနှင့်တကွ သိရှိလို ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဖြေကြားချက်**

**ဦးစိုးသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးရဲ့ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိအစိုးရလက်ထက် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍများသို့ ချေးငွေထုတ်ချေးမှု အခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုကြောင်း မေးမြန်းချက်အား ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိအစိုးရလက်ထက် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိ လုပ်ငန်းဆောင်ရွက်နေသည့် ပြည်တွင်းပုဂ္ဂလိကဘဏ်(၂၄)ဘဏ် ရှိပါတယ်။ လောလောဆယ် နောက်ထပ် ပြည်တွင်းဘဏ်(၅)ဘဏ်မှ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့် တင်ပြထားခြင်းအပေါ် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဘဏ် (၅)ဘဏ်ကတော့ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်လီမိတက်(မန္တလေး)၊ ဂုဏ်ထူးဆောင်တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ်လီမိတက်(စစ်ကိုင်း)၊ သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်နှင့် ရွှေနန်းစောဘဏ်လီမိတက်တို့ ဖြစ်ပါတယ်။ အဆိုပါ ဘဏ်(၅)ဘဏ်ကို ဖွင့်လှစ်ခွင့် တင်ပြလာခြင်းအပေါ် စိစစ်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်များ ပြီးမြောက်မှုအရ ဘဏ်လုပ်ငန်းဆောင်ရွက်ကြတဲ့ ပြည်တွင်းပုဂ္ဂလိကဘဏ်များ တိုးပွားလာမှာဖြစ်ပါတယ်။ လက်ရှိ လုပ်ငန်းဆောင်ရွက်နေတဲ့ဘဏ်နှင့် နောက်ထပ်ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိလာမယ့် ဘဏ်များ၏အရေအတွက်ဟာ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထား၊ လူဦးရေပမာဏနှင့် လက်ရှိစီးပွားရေးအခြေအနေများအရ သင့်တင့်မျှတတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် ခေတ်မီနည်းပညာများဖြစ်တဲ့ မိုဘိုင်းဖုန်းများကို အသုံးပြုပြီး ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပြောင်းခြင်း၊ ငွေသားများပေးချေခြင်း၊ ဘေလ်များ ပေးဆောင်ခြင်း စသည်များကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာနိုင်ကြပြီ ဖြစ်ပါတယ်။

ထို့အတူ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ခွင့်ပြုပေးလျက်ရှိပြီး လျင်မြန်တဲ့အရှိန်နဲ့ တိုးတက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းပုဂ္ဂလိက ဘဏ်(၇)ဘဏ်နဲ့ ဆက်သွယ်ရေးကုမ္ပဏီ(၄)ခုတို့က မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိနေကြပါတယ်။ ဒါ့အပြင် ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားတဲ့ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများကလည်း အဆိုပါဝန်ဆောင်မှုပေးရန် ခွင့်ပြုချက်အများအပြားကို တောင်းခံလျက် ရှိကြပါတယ်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများဟာ ဘဏ်မရှိသောဒေသများတွင် ဘဏ်ရဲ့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကမ္ဘာအနှံ့ ကျယ်ပြန့်စွာဆောင်ရွက်လာကြတဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်လို့ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေး Financial Inclusion ကို ထိရောက်စွာ ပံ့ပိုးနိုင်တဲ့ ဝန်ဆောင်မှု ဖြစ်ပါတယ်။ ဒီအချက်များကြောင့် ဘဏ်သစ်များ ဖွင့်လှစ်ခွင့်ပြုခြင်းကို လောလောဆယ် ကျွန်တော်တို့ ရပ်ဆိုင်းထားခြင်း ဖြစ်ပါတယ်။

ဒီမှာ ထပ်ပြီးတင်ပြချင်တဲ့အချက်က ဘဏ်သစ်များ အများအပြား ဖွင့်လှစ်ခြင်းအားဖြင့် ဘဏ်တွေဟာ နိုင်ငံအနှံ့ ပြန့်ကျဲတည်ရှိနေပြီး အကျိုးအမြတ်ထက် ဆန့်ကျင်ဘက် အကျိုးသက်ရောက်လာနိုင်တဲ့ အလားအလာများ ရှိပါတယ်။ ပထမဦးဆုံးအချက်က ဗဟိုဘဏ်အနေနဲ့ ကြီးကြပ်ကွပ်ကဲရာမှာ ဘဏ်အရေအတွက်များလေလေ ပိုမိုပြီးခက်ခဲလေလေ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဘဏ်အသေးလေးများဟာ ဘဏ်လုပ်ငန်းယှဉ်ပြိုင်ရာမှာ ဘဏ်ကြီးများနဲ့ နှိုင်းယှဉ်လို့ရှိရင် အားနည်းလေ့ရှိကြတဲ့အတွက်ကြောင့် ရေရှည်မှာ ရပ်တည်ဖို့ ခက်ခဲလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ်သစ်များအများအပြားဖွင့်လှစ်ခြင်းကို ကန့်သတ်ပြီး ဆောင်ရွက်သွားခြင်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် စင်ကာပူနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်(၂၀)လောက်က ဘဏ်အသေးလေးပေါင်း(၁၂)ဘဏ် ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရပ်တည်နိုင်ရေးအတွက် အချင်းချင်း စုပေါင်းခဲ့တဲ့အတွက်ကြောင့်မို့ လောလောဆယ် ဘဏ်ကြီး(၃)ဘဏ်သာ အထင်ကရ ရပ်တည်နေပါတယ်။ ထို့အတူဗီယက်နမ်နိုင်ငံဟာလည်း ၁၉၉၇ ခုနှစ်လောက်က ဘဏ်အသေးလေးပေါင်း(၅၁)ဘဏ်လောက် ရှိခဲ့သော်လည်း နောက်ပိုင်းမှာ အစိုးရက တွန်းအားပေးပြီး ဘဏ်များကို ပေါင်းစည်းစေခဲ့တဲ့အတွက်လောလောဆယ် ဘဏ်ကြီး(၃၁)ဘဏ်သာ ရှိပါတယ်။

မြန်မာနိုင်ငံမှာလည်း နောင်အနာဂတ်မှာ ဘဏ်များရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်လာစေဖို့အတွက် မလွဲမသွေ ပေါင်းစည်းမှုများ ရှိလာနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခု တင်ပြသွားတဲ့ခုနက Development Bank ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ကြည့်လို့ရှိရင် ဖွံ့ဖြိုးရေးဘဏ် ဆိုတာက ဒီပြည်သူ ပြည်သားတွေရဲ့ စုဆောင်းငွေ၊ အပ်နှံငွေနဲ့ တည်ထောင်တာမျိုး မဟုတ်ဘဲနဲ့ နိုင်ငံတော်က မတည်ပြီး၊ ကမကထပြုပြီး သို့မဟုတ်လို့ရှိရင်လည်း နိုင်ငံတကာ Institution တစ်ခုခုကနေပြီးတော့ မတည်ပြီး၊ ကမကထပြုပြီး တည်ထောင်မှသာလျှင် ဖြစ်နိုင်တဲ့ဘဏ်မျိုး ဖြစ်ပါတယ်။ ဒီလိုဘဏ်မျိုးဟာဗဟိုဘဏ်နဲ့ သက်ဆိုင်မှု မရှိပါဘူး။ သီးခြားဥပဒေနဲ့ သီးခြားရပ်တည်ရတဲ့ဘဏ်မျိုး ဖြစ်ပါတယ်။ ဒီဥစ္စာက နိုင်ငံတော်အတိုင်းအတာနဲ့ ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခုက အခု ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးချေးငွေတွေ ပေးသလို ထို့အတူ SME တွေ၊ လုပ်ငန်းတွေကို သပ်သပ်သီးခြား ပိုပြီးဖြစ်မြောက်စေချင်မယ် ဆိုလို့ရှိရင် ဒါတွေကို Policy Bank သဘောမျိုး နိုင်ငံတော်ရဲ့ ဦးစီးဦးဆောင်ပြုမှုအရသာ ဆောင်ရွက်နိုင်တဲ့ ဘဏ်များဖြစ်ပါတယ်။ အဲဒီတော့ ဒီ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ဒီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ လက်အောက်မှာရှိနေတဲ့၊ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ရှိနေတဲ့ဘဏ်တွေအနေနဲ့က ပြည်သူလူထုရဲ့ အပ်ငွေကို အခြေခံပြီးတော့မှ ချေးငွေတွေ ထုတ်ချေးရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမှာ အကန့်အသတ်တွေ ရှိနေတယ်ဆိုတာကို ရှင်းလင်းတင်ပြချင်ပါတယ်။

နောက် မေးခွန်းဖြစ်တဲ့ ပုဂ္ဂလိကဘဏ်များက လယ်ယာကဏ္ဍ၊ SME ကဏ္ဍ ထုတ်ချေးမှု အခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်းနှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီ မေးခွန်းနဲ့ သက်ဆိုင်တဲ့ ကိန်းဂဏန်းအချက်အလက်များကို ယခုအချိန်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ သီးခြားခွဲပြီး မှတ်တမ်းတင်ထားခြင်း မရှိပါဘူး။ သက်ဆိုင်တဲ့ဌာနများဖြစ်တဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အစိုးရပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များမှ စာရင်းများကို ပေါင်းစုပြီး

ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ စာရင်းများအရ ပုဂ္ဂလိကဘဏ်များမှ စိုက်ပျိုးရေး၊ မွေးမြူရေးဘဏ်များသို့ ထုတ်ချေးငွေပေါင်းဟာ ကျပ်(၃၁၉.၂၂၈) ဘီလီယံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ထုတ်ချေးငွေစုစုပေါင်း၏(၁.၇၃)ရာခိုင်နှုန်းသာရှိပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ SME သို့ ထုတ်ချေးငွေပေါင်းဟာ ကျပ်(၈၆၈.၇၃၃)ဘီလီယံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေ စုစုပေါင်း၏(၄.၇၁)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပုဂ္ဂလိကဘဏ်များနဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ထုတ်ချေးရာမှာ ငွေအရင်းအမြစ်(၃)မျိုးကို တွေ့နိုင်ပါတယ်။

ပထမအမျိုးအစားက JICA ရဲ့ ထောက်ပံ့မှုဖြင့် နှစ်ဆင့်ထုတ်ချေးငွေ ဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား SME များသို့ ထုတ်ချေးရာမှာ JICA ၏ ထောက်ပံ့မှုဖြင့် ရရှိတဲ့ချေးငွေဟာ အဓိကကျတဲ့ အခန်းကဏ္ဍမှ ပါဝင်ပါတယ်။ ဂျပန်အစိုးရရဲ့တရားဝင် ဖွံ့ဖြိုးမှုအကူအညီ(ODA) အောက်မှ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးအေဂျင်စီ JICA က နှစ်ဆင့်ချေးငွေ (Two Step Loan)ကို မြန်မာ့စီးပွားရေးဘဏ်သို့ ထုတ်ချေးခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်က ပြည်တွင်းဘဏ်များမှတစ်ဆင့် SME များသို့ ထုတ်ချေးခဲ့ပါတယ်။ ပထမအဆင့် နှစ်ဆင့်ချေးငွေအဖြစ် ဂျပန်ယန်းငွေ (၅.၀၃၃)ဘီလီယံ၊ ကျပ်(၆၂)ဘီလီယံကို အတိုးနှုန်း တစ်နှစ်လျှင်(၀.၁)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုတစ်နှစ်လျှင် (၀.၁)ရာခိုင်နှုန်း ဆိုင်းငံ့ကာလ(၁၀)နှစ်၊ ပြန်ဆပ်ကာလ(၄၀)နှစ်ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ထုတ်ချေးခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်က ပြည်တွင်းဘဏ်များသို့ အတိုးနှုန်း(၄)ရာခိုင်နှုန်းနဲ့ ထုတ်ချေးခဲ့ပါတယ်။

ဒီမှာ မေးစရာရှိတဲ့ မေးခွန်းက နိုင်ငံခြားက ထုတ်ချေးတာက (.၀) ရာခိုင်နှုန်း ပဲရှိပြီးတော့ မြန်မာ့စီးပွားရေးဘဏ်က ပုဂ္ဂလိကဘဏ်တွေကို (၄)ရာခိုင်နှုန်းနဲ့ ထုတ်ချေးတယ်ဆိုတာ အမြတ်အများကြီး ယူထားတယ်လို့ ယူဆနိုင်ပေမယ်လို့ တကယ်လက်တွေ့မှာ ဂျပန်က ချေးခဲ့တာ ယန်းနှင့် ချေးခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ယန်းနှင့် ပြန်ဆပ်ရမှာဖြစ်ပြီးတော့ ပြည်တွင်းမှာ ချေးတာက ကျပ်နှင့် ချေးငွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ Exchange အနေနဲ့ အများကြီးဆုံးရှုံးနိုင်မှု ရှိပါတယ်။ ပထမ ချေးငွေ အနေနဲ့ ကြည့်လို့ရှိရင် မြန့်မာ့စီးပွားရေးဘဏ်အနေနဲ့ Exchange အရ ဆိုလို့ရှိရင် သူရတဲ့ငွေကိုတောင် မကာမိနိုင်တဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ပထမအဆင့် နှစ်ဆင့်ချေးငွေကို Pilot Project အဖြစ် မြန်မာ့စီးပွားရေးဘဏ်က ၂၀၁၅-၂၀၁၆ ခုနှစ်ကစပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇဘဏ်များသို့ ချေးငွေထုတ်ချေးခဲ့ပြီး၊ ထုတ်ပေးခဲ့ပြီး ယင်းဘဏ်များမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ တစ်နှစ်လျှင် အတိုး(၈.၅)ရာခိုင်နှုန်းနဲ့ ထုတ်ချေးပါတယ်။ ဒီနေရာမှာလည်း Loan တစ်ခုရဲ့ Spread ခေါ်တဲ့ ဒီ အတိုးနှုန်းကွာခြားချက်က (၄.၅)ရာခိုင်နှုန်းရှိတဲ့ အတွက်ကြောင့် ဒီ ပုဂ္ဂလိကဘဏ်တွေကို ပုံမှန်အားဖြင့် ခွင့်ပြုထားတဲ့ (၅)ရာခိုင်နှုန်းအတွင်းနဲ့ ကွာခြားမှု သိပ်မရှိပါဘူး။ သူတို့မှာ Transaction Cost တွေဖြစ်တဲ့အတွက်ကြောင့်မို့ ဒီ ပေးထားတဲ့ Spread တွေဟာလည်း သင့်တော်တဲ့အခြေအနေဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ JICA (Two Step Loan)ဖြင့် ပုဂ္ဂလိကဘဏ် (၆)ဘဏ်မှ လုပ်ငန်းရှင်(၂၉၇)ဦးကို ကျပ်(၆၁.၈၆)ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။ ဒုတိယအဆင့်နှစ်ဆင့် ချေးငွေ ယန်း(၁၄.၉၄၉)ဘီလီယံ၊ ကျပ်(၁၈၅)ဘီလီယံကို JICA မှ မြန်မာ့စီးပွားရေးဘဏ်သို့ ထုတ်ချေးခဲ့ပါတယ်။ ယင်းချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အသေးစားနှင့်

အလတ်စား စီးပွားရေးလုပ်ငန်းများသို့ တစ်နှစ်လျှင် အတိုးနှုန်း(၈.၅)ရာခိုင်နှုန်းဖြင့် ထုတ်ချေးကြမည် ဖြစ်ပါတယ်။

ဒုတိယအမျိုးအစားမှာ ဘဏ်များက ကိုယ်ပိုင်ငွေကြေးအရင်းအမြစ် ပြည်သူများရဲ့ အပ်နှံငွေများမှ ရရှိငွေနဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ထုတ်ချေးငွေ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ ပုဂ္ဂလိကဘဏ်များမှ ထုတ်ချေးငွေစုစုပေါင်းဟာ ကျပ်(၇၃၂.၉၄၀)ဘီလီယံ ဖြစ်ပါတယ်။ ယင်းချေးငွေမှာ မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ Credit Guarantee Insurance (CGI) အစီအစဉ်အရ SME များသို့ ထုတ်ချေးငွေများ ပါဝင်ပါတယ်။ (CGI) ဆိုတာက ဥပမာ အပေါင်ပစ္စည်း မရှိပေမယ့်လို့ အာမခံကနေပြီးတော့၊ ဝင်ပြီးတော့၊ တာဝန်ယူပြီးတော့၊ (၂)ရာခိုင်နှုန်း၊ (၃)ရာခိုင်နှုန်းလောက်နဲ့ ဘဏ်တွေကို ထုတ်ချေးစေတာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ (CGI) စနစ်ဖြင့် ပုဂ္ဂလိကဘဏ် (၃)ဘဏ်မှ လုပ်ငန်းရှင် (၂၂၆)ဦးသို့ ကျပ်(၂.၆၅၃)ဘီလီယံ ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ တတိယအမျိုးအစားကတော့ အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပဘဏ်များရဲ့ ပံ့ပိုးမှုနဲ့ ထုတ်ချေးခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အုပ်စု အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KFW)၊ Cathy United Bank(Taiwan)တို့က ပုဂ္ဂလိကဘဏ်များနဲ့ ပူးပေါင်းပြီး SME များသို့ ချေးငွေများ ထုတ်ချေးလျက်ရှိပါတယ်။

JICA မှ ပံ့ပိုးသည့် နှစ်ဆင့်ချေးငွေများကို အသေးစားနှင့် အလတ်စား လုပ်ငန်းများအနေနဲ့ အတိုးနှုန်း(၈.၅)ရာခိုင်နှုန်းနှင့် ရရှိနိုင်ပြီး သက်သာတဲ့ချေးငွေလို့ ပြောနိုင်ပါတယ်။ အခြား ချေးငွေများမှ ဈေးကွက်ပေါက်ဈေးဖြင့် ထုတ်ချေးသည့်ချေးငွေများ ဖြစ်ပါတယ်။ အထူးသဖြင့် အပ်နှံငွေအပေါ် အခြေခံပြီး ထုတ်ချေးတဲ့ ချေးငွေများအနေနဲ့ ဈေးကွက်ပေါက်ဈေးအောက် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးရန် အခက်အခဲရှိကြပါတယ်။ အဓိကအချက်မှာ သက်သာသော အတိုးနှုန်း ခံစားခွင့်မရရှိတဲ့ SME များအနေနဲ့ ချေးငွေကိုပေါက်ဈေး၊ ဈေးကွက်ပေါက်ဈေးနဲ့ ရရှိနိုင်ဖို့ အခွင့်အလမ်း မြင့်မားတိုးတက်လာစေရေးက အင်မတန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ယင်းအခြေအနေကို ရောက်ရှိစေရန် တစ်ဖက်မှာ SME များအနေနဲ့ ကိုယ်တိုင်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်သကဲ့သို့ ဘဏ်များမှလည်း ချေးငွေများထုတ်ချေးရာမှာ နိုင်ငံတကာတွင် ကျင့်သုံးသည့် စွန့်စားရမှုကို အခြေခံတဲ့ ချေးငွေ စိစစ်သုံးသပ်မှုများ၊ ဘဏ်လုပ်ငန်းအခြေခံများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသဖြင့် အနာဂတ်တွင် SME များအတွက် ချေးငွေရရှိနိုင်မည့် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဘဏ်(၅)ဘဏ်ကို စိစစ်ဆောင်ရွက်နေတယ်ဆိုတာ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက ကျွန်တော်လည်း ကြားပါတယ်။ အဲဒီတော့ ကျွန်တော် သိချင်တာက ဒီဘဏ်တွေက လုပ်ငန်းတစ်ခုနှင့်တစ်ခု အမျိုးအစားတွေ၊ ဘဏ်အမျိုးအစားတွေရဲ့ ရည်ရွယ်ချက်တွေက မတူတဲ့အတွက် ဒီ စိစစ်ဆောင်ရွက်တဲ့ အချိန်ကာလကို

ဘယ်လောက်ယူထားသလဲပေါ့နော်။ နောက် သတ်မှတ်စည်းကမ်းချက်နဲ့ ပြည့်စုံမယ်ဆိုရင် အရင် စိစစ်ပြီးတဲ့ ဘဏ်တွေ အရင်ချပေးမှာလား။ ဒါမှမဟုတ် အားလုံးတစ်ပြိုင်တည်းပေးမှာလားဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားနိုင်က ဖြေကြားပါ။

**ဦးစိုးသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ဒီဘဏ်နဲ့ ပတ်သက်လို့ ကျွန်တော် Date တွေနဲ့ အသေးစိတ် မပြောနိုင်ပေမယ့်လို့ General Connection လေးကို ပြောပြပါ မယ်။ ဒီ(၅)ဘဏ်က ကျွန်တော်တို့ အဲဒီ(၅)ဘဏ်အနက်မှာ ရွှေနန်းစောကလွဲလို့ရှိရင် ကျန်တဲ့(၄)ဘဏ်က ကျွန်တော်တို့ ပြီးခဲ့တဲ့အစိုးရလက်ထက်က ခွင့်ပြုခဲ့တဲ့ ဘဏ်တွေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက် မှာ Cabinet အထိ တင်ပြီးတော့ သူတို့က ခွင့်ပြုချက်ရရှိပြီးတဲ့ ဘဏ်တွေ ဖြစ်ပါတယ်။ အဲဒီ ခွင့် ပြုချက်ရရှိပြီးတဲ့နောက်မှာ၊ ဒီ အစိုးရ အပြောင်းအလဲဖြစ်သွားတဲ့အခါမှာ Central Bank အနေနဲ့က နောက်အစိုးရကို ဒီအခြေအနေတွေ ရှိတယ်ဆိုတာကို သိနိုင်အောင် တင်ပြတဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာ Process က နည်းနည်းလေး ကြာသွားပါတယ်။ ကြာသွားတဲ့ အတွက်ကြောင့်မို့လို့ အခုတော့ ကျွန်တော်တို့ Finalize လုပ်ပါပြီ။ ပြီးခဲ့တဲ့ (၉)ရက်နေ့က စီးပွားရေးကော်မတီမှာ ဘဏ်(၃)ဘဏ်ဖြစ်တဲ့ သတ္တုဘဏ်၊ နောက်ပြီးတော့ တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ် (စစ်ကိုင်း)၊ နောက်တစ်ခုက ကျောက်မျက်ရတနာဘဏ် ဒီ(၃)ဘဏ်ကို ကျွန်တော်တို့က စီးပွားရေးကော်မတီမှာ တင်ပြပြီးတော့ Final approval ရပါပြီ။

အဲဒါကြောင့်မို့ ဒီဘဏ်တွေအနေနဲ့ တော်တော်ကြီးကို မကြာခင်ကာလအတွင်းမှာ လိုင်စင် တွေ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်(မန္တလေး)အနေနဲ့ကတော့ တကယ်တော့ သူ့ကို ကျွန်တော်တို့က လိုင်စင်ထုတ်ပေးရုံပဲ ရှိပါတော့တယ်။ သူ့ကို ငွေသွင်းခိုင်းတဲ့ အချိန်မှာ သူက အဲဒီငွေကို မသွင်းဘဲနဲ့ အချိန်တော်တော်ကြာခဲ့ပါတယ်။ ကြာတဲ့အတွက်ကြောင့်မို့လို့ ခု ကျွန်တော်တို့က မတ်လ ၃၁ ရက်နေ့ကို နောက်ဆုံးထားပြီးတော့ ဒီဘဏ်ကို ဒီငွေကို သွင်းပါ။ မသွင်းလို့ရှိရင် ကျွန်တော်တို့ ခွင့်ပြုထားချက်ကို ပယ်ဖျက်မှာပဲ ဆိုပြီးတော့ ကျွန်တော်တို့ အကြောင်းကြား ထားပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဘဏ်တွေကလည်း သူတို့အနေနဲ့ ဒီနေ့ ကျွန်တော်တို့နဲ့ လာတွေ့ ပြီးတော့ သူတို့ရဲ့အခြေအနေလေးကို တင်ပြမယ်။ သူတို့ ဒီ ငွေသွင်းရေးကိစ္စကို ညှိနှိုင်းနေတာ ဖြစ်ပါတယ်။

ကျန်တဲ့ ခုနက ရွှေနန်းစောဘဏ်လီမိတက်ကတော့ သူက အသစ်ဖြစ်ပါတယ်။ သူ့ကို အခုမှ စပြီးတော့ ကျွန်တော်တို့က Process လုပ်မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ သူကတော့ အချိန် နည်းနည်းယူဦးမှာ ဖြစ်ပါတယ်။ ဒါ တကယ့်နောက်ဆုံးအခြေအနေ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ**
**(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁ / ၂၀၁၈ - ၁၆၈
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ မတ်လ ၈ ရက်

၁။　　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ** (The Caste Disabilities Removal Act )**ကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ၂၇-၂-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေ

ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၆-၃-၂၀၁၈ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး နှင့် ညှိနှိုင်းဆွေးနွေးခဲ့ ရာတွင် ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိသင့် ပါကြောင်း သဘောတူညီခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ** (The Caste Disabilities Removal Act) **ကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင် များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ဥပဒေကြမ်းခေါင်းစဉ် -

**လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ**

( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၉ ခုနှစ်၊ လ ရက်

( ၂၀၁၈ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

အဆိုပါ ဥပဒေကြမ်းခေါင်းစဉ်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်ဖြစ်သော အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ တို့ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၅(က)၊ အပိုဒ် ၅ (ဂ)(၁)၊ အပိုဒ် ၆(က)၊ အပိုဒ် ၇(က) ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)၊ အပိုဒ် ၅(ဂ)(၁)၊ အပိုဒ် ၆(က)၊ အပိုဒ် ၇ (က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၄ ခြေဆင်း ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၄ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၇(ခ)၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ တို့ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(ခ)၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တွင် ပါရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသောစကားရပ်အစား လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပြောင်းလဲ ပြင်ဆင်ထားပါတယ်။ ယင်း ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ တင်ပြချက်ကို

သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တောင်သူလယ်သမားရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးစိုးဝင်း (အတွင်းရေးမှူး၊ တောင်သူလယ်သမားရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အတွင်းရေးမှူးတစ်ဦးလည်း ဖြစ်ပါတယ်။ သို့ဖြစ်သည့်အတွက် ကော်မတီရဲ့ ၈-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တင်ပြတဲ့နေရာမှာတော့ အချိန်အကန့်အသတ်ရှိနေသည့်အတွက် အရေးကြီးတယ်လို့ ယူဆရတဲ့အချက်အလက်များကိုသာ ကောက်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ ကာလများအတွင်း ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို အပိုဒ် (၉)ပိုဒ်ခွဲ၍ အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်-

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

၁။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလဖြစ်သည့် ၈-၇-၂၀၁၇ ရက်နေ့မှ သတ္တမပုံမှန် အစည်းအဝေးကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ၏ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း၊ အပြန်အလှန်ဆွေးနွေးသည့် (Debate) အခမ်းအနားများ ကျင်းပခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆောင်ရွက်ခြင်း၊ ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေနှင့်ပတ်သက်၍လည်း ဆွေးနွေးနိုင်ရေးအတွက် ပြင်ဆင်ခြင်းများအပြင် ကော်မတီသို့ ပြည်သူများနှင့် တောင်သူလယ်သမားများထံမှ ပေးပို့လာသော တိုင်ကြားစာများအပေါ် ကော်မတီမှ ကွင်းဆင်းစိစစ်သင့်သည်ဟု ယူဆရသော လယ်ယာမြေ သိမ်းဆည်းမှု တိုင်ကြားစာများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရလည်းကောင်း၊ လမ်းညွှန်ချက်အရလည်းကောင်း သက်ဆိုင်ရာဒေသများသို့ သွားရောက် ကွင်းဆင်းလေ့လာခြင်းများကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဆက်သွယ်၍ စိစစ်ဖြေရှင်းပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ကော်မတီ၏အစည်းအဝေးများကျင်းပခြင်း**

၂။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးကာလ ဖြစ်သည့် ၈-၇-၂၀၁၇ ရက်နေ့မှ သတ္တမပုံမှန် အစည်းအဝေးကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့ အထိ အောက်ပါအတိုင်း ကော်မတီ အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပါတယ် -

(က) ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး(၃)ကြိမ်

( ခ ) ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး(၄)ကြိမ်

( ဂ ) သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း ၂၈-၂-၂၀၁၈ ရက်နေ့အထိ (၂)ကြိမ် စုစုပေါင်း အစည်းအဝေး (၉)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

**အပြန်အလှန်ဆွေးနွေးပွဲ (Debate) အခမ်းအနားများ ကျင်းပခြင်း**

၃။ ၂၇-၇-၂၀၁၇ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ CESD မှ အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမ၌ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ကျင်းပ နိုင်ခဲ့ပါတယ်။

**ကော်မတီသို့ လေ့လာသုံးသပ်တင်ပြရန် တာဝန်ပေးအပ်ထားသော ဥပဒေများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ**

၄။ ကော်မတီသို့ လေ့လာသုံးသပ်တင်ပြရန် The Myanmar Post Office Act (1898) မြန်မာနိုင်ငံစာတိုက်ကြီး ဥပဒေနှင့် The Land Acquisition Act , 1894 မြေသိမ်းဥပဒေ (၂)ရပ်ကို ပေးအပ်ခဲ့ရာ The Myanmar Post Office Act (1898) မြန်မာနိုင်ငံစာတိုက်ကြီး ဥပဒေကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့်အတွက် The Land Acquisition Act , 1894 မြေသိမ်း ဥပဒေနှင့်ပတ်သက်၍ လေ့လာသုံးသပ်တင်ပြနိုင်ရန် မိမိတို့ ကော်မတီဝင်များ၊ အခြား စိတ်ပါဝင်စားသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြင်ပပညာရှင်များတွေ့ဆုံ၍ အကြိမ်ကြိမ်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ၂၀၁၇ ခုနှစ် မြေသိမ်း ဥပဒေ(မူကြမ်း)ကို အမျိုးသား လွှတ်တော်တွင် လက်ခံဆွေးနွေးနိုင်ရန် အဆိုတင်သွင်းခဲ့ပြီး အဆိုပါ ၂၀၁၇ ခုနှစ် မြေသိမ်း ဥပဒေ (မူကြမ်း)ကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေသည့်နည်းတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း (၂၀၁၇ ခုနှစ်) နှင့်စပ်လျဉ်း၍လည်း တောင်သူလယ်သမား ရေးရာကော်မတီသည် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၁၂-၁၀-၂၀၁၇၊ ၇-၁၁-၂၀၁၇၊ ၂၆-၁-၂၀၁၇၊ ၂၉-၁-၂၀၁၈၊ ၃၀-၁-၂၀၁၈ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော အစည်းအဝေး များသို့ တက်ရောက်၍ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

## ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

၅။ ကော်မတီသည် ၁၇-၁-၂၀၁၈ ရက်နေ့တွင် ကော်မတီ၏ လုပ်ငန်းဆောင်တာများအား လေ့လာမေးမြန်းလိုသည့် ၈၈ ကရင်မျိုးဆက်သစ် ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းနှင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကော်မတီအစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပါတယ်။

## ကွင်းဆင်းလေ့လာစိစစ်ခြင်း

၆။ ကော်မတီသည် ပြည်သူများထံမှ တင်ပြလာသော တိုင်ကြားစာများအနက် အများပြည်သူ အကျိုးစီးပွား ထိခိုက်နစ်နာစေမည့် ကိစ္စရပ်များဖြစ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လမ်းညွှန်မှုခံယူကာ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ဒေသများသို့ ကွင်းဆင်း သွားရောက် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည် ၎င်းတို့မှာ -

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ပဂိုးကုန်း ကျေးရွာနေ ဒေါ်မြင့်တင် ပါ (၅)ဦးတို့၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ ဦးဆောင်ကာ ကော်မတီအတွင်းရေးမှူးပါဝင်သော ကော်မတီဝင် (၅)ဦးတို့သည် ၃-၈-၂၀၁၇ ရက်နေ့မှ ၅-၈-၂၀၁၇ ရက်နေ့အထိ အဆိုပါဒေသသို့ သွားရောက် ကွင်းဆင်းလေ့လာ စိစစ်ခဲ့ခြင်း၊

(ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နားမခေါ်ရပ်နေ ဦးဆန်နု ပါ (၂)ဦးတို့၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကော်မတီဝင် (၄)ဦးတို့သည် ၆-၉-၂၀၁၇ ရက်နေ့မှ ၉-၉-၂၀၁၇ ရက်နေ့အထိ အဆိုပါဒေသများသို့ သွားရောက် ကွင်းဆင်းလေ့လာစိစစ်ခဲ့ခြင်း၊

(ဂ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပါဆတ်ရပ်ကွက်နေ ဦးစိုင်းဆော့ ပါ (၄)ဦးနှင့် ဦးနွဲ့ဖန် တို့ တိုင်ကြားစာများနှင့်ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ ဦးဆောင်ကာ ကော်မတီအတွင်းရေးမှူးပါဝင်သော ကော်မတီဝင် (၅)ဦးတို့သည် ၉-၁၀-၂၀၁၇ ရက်နေ့မှ ၁၈-၁၀-၂၀၁၇ ရက်နေ့အထိ အဆိုပါဒေသသို့ သွားရောက် ကွင်းဆင်း လေ့လာစိစစ်ခဲ့ခြင်း၊

(ဃ) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ဦးကျော်စိုး ၏ တိုင်ကြားစာနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး ဦးဆောင်သော ကော်မတီဝင် (၃)ဦးတို့သည် ၁၈-၁၁-၂၀၁၇ ရက်နေ့မှ ၂၂-၁၁-၂၀၁၇ ရက်နေ့အထိ အဆိုပါဒေသသို့ သွားရောက် ကွင်းဆင်း လေ့လာစိစစ်ခဲ့ခြင်း၊

(င) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ခဝဲကျင်းကျေးရွာနေ ဒေါ်ခင်မာလာ နှင့် ဦးခွေးညို ပါ (၉)ဦးတို့၏ တိုင်ကြားစာနှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ ဦးဆောင် သော ကော်မတီဝင်(၃)ဦးတို့သည် ၁၀-၁-၂၀၁၈ ရက်နေ့မှ ၁၃-၁-၂၀၁၈ ရက်နေ့ အထိ အဆိုပါဒေသသို့ သွားရောက်ကွင်းဆင်းလေ့လာ စိစစ်ခဲ့ခြင်းများ ဆောင်ရွက်

ခဲ့ပြီး ကွင်းဆင်းလေ့လာ စိစစ်ချက် အစီရင်ခံစာများကိုလည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါတယ်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့်စပ်လျဥ်း၍ ဆောင်ရွက်မှု အခြေအနေ**

၇။ ၈-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ တောင်သူလယ်သမားရေးရာကော်မတီသို့ ပြည်သူများထံမှ တင်ပြလာသည့် တိုင်ကြားစာပေါင်း (၆၃၀)စောင်ရေ လက်ခံရရှိခဲ့ကာ အချက်အလက် ပြည့်စုံမှုမရှိသည့် တိုင်ကြားစာများအား ကော်မတီမှ ဆောင်ရွက်ခြင်းမရှိတဲ့ အချက်အလက်ပြည့်စုံ၍ မှန်ကန်သည်ဟု ယူဆရသော တိုင်ကြားစာများအနက်မှ ဆောင်ရွက်သင့်သည့် တိုင်ကြားစာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များဖြစ်သည့် ကယားပြည်နယ်သို့ (၁)စောင်၊ ချင်းပြည်နယ်သို့ (၄)စောင်၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ (၂)စောင်၊ တနင်္သာရီတိုင်းဒေသကြီးသို့ (၁)စောင်၊ ပဲခူးတိုင်းဒေသကြီးသို့ (၁)စောင်၊ မန္တလေးတိုင်းဒေသကြီးသို့ (၄)စောင် ၊ မွန်ပြည်နယ်သို့ (၁)စောင်၊ ရန်ကုန်တိုင်းဒေသကြီးသို့ (၂)စောင်၊ ရှမ်းပြည်နယ်သို့ (၁၂)စောင်နှင့် နေပြည်တော်သို့ (၂)စောင် စုစုပေါင်းအမှုတွဲ အစောင် (၃၀)အား ပေးပို့နိုင်ခဲ့ပါသည်။ အမှုတွဲပေးပို့မှုများအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များမှ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာ (၃)စောင်အား လက်ခံရရှိခဲ့ပြီး ၎င်း ပြန်ကြားစာများအပေါ် ကော်မတီမှ သုံးသပ်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှု ခံယူကာ လမ်းညွှန်ချက်အရ စီစဥ်ဆောင်ရွက်ခဲ့ပါတယ်။

**အထွေထွေတင်ပြချက်**

၈။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြား စာများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည့် တိုင်ကြားစာများကို စိစစ်တွေ့ရှိချက် အကြံပြုချက် များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ထားခဲ့ပြီး အဆိုပါ တိုင်ကြားစာများနှင့်ပတ်သက်၍ အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ၎င်းတို့၏ စိစစ် ဆောင်ရွက်ချက်များကို ပြန်လည်တင်ပြလာမှုများရှိခဲ့သော်လည်း အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ပြန်လည်ပေးပို့လာခြင်းများ မရှိခဲ့ပါ။ ထိုသို့ ပေးပို့လာခြင်းမရှိသေးသည့် အမှုတွဲများနှင့် ပတ်သက်၍ ပြန်လည်တင်ပြလာစေရေးနှင့် ကွင်းဆင်းစိစစ်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရ အဖွဲ့များသို့ ပေးပို့ထားသည့် မြေသိမ်းအမှုတွဲများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အမျိုးသားလွှတ်တော်သို့ ပြန်လည်တင်ပြလာစေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**နိဂုံး**

၉။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေးကို ရှေးရှုလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

တောင်သူလယ်သမားရေးရာကော်မတီ

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၉ နာရီအချိန်တွင်ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၃၀။**

**ဒေါ်မြတ်သီတာထွန်း (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်ဝန်ထမ်းများအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)က ဒေါ်မြတ်သီတာထွန်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်အခွင့်အရေးကော်မတီ၏ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

အစီရင်ခံစာ မိတ္တူကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ကော်မတီရဲ့ ဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်နဲ့ သုံးသပ်အကြံပြုချက်များကိုပဲ အဓိကထား ဖတ်ကြားတင်ပြပါရစေရှင်။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်အခွင့်အရေးကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၁။ ကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံပါ့မယ်။

(က) ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပနေစဉ်ကာလအတွင်း ၂၂-၁-၂၀၁၇ ရက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် WFD (UK) မှ ကျွမ်းကျင်ပညာရှင် Kevin Maddison နှင့်တွေ့ဆုံ၍ လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသန အချက်အလက်များ ရှာဖွေပေးနိုင်ရေး၊ လွှတ်တော်အထောက်အကူပြု သင်တန်းများ နှင့် လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်မှု သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်၊

(ခ) ၉-၃-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း သည့် စိစစ်တင်ပြချက် အစီရင်ခံစာအား ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေး (၁/၂၀၁၇) ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) ၁၄-၃-၂၀၁၇ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့သည် စင်ကာပူနိုင်ငံ၊ ISEAS-Yusof Ishak တက္ကသိုလ်တွင် ဧည့်သုတေသီ အဖြစ် ဆောင်ရွက်နေသော ပြင်သစ်သုတေသီ Dr. Renaud Egreteau နှင့် တွေ့ဆုံ၍

အမျိုးသားလွှတ်တော်၊ ရေးရာကော်မတီကိစ္စများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ဆွေးနွေးခဲ့ပါသည်၊

(ဃ) ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း ၈-၆-၂၀၁၇ ရက်နေ့တွင် ပြည်ပခရီးစဉ်မှာ ပါဝင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လေ့လာရေးခရီးစဉ်နှင့် ပတ်သက်သော ရုံးလုပ်ငန်းစဉ်များကြိုတင်ဆောင်ရွက်ရန်အတွက် သတ်မှတ်ခရီးစဉ်မတိုင်ခင် ကြိုတင်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သိရှိခြင်းမရှိဘဲ အမျိုးသားလွှတ်တော် ကော်မတီတစ်ခုမှ တိုက်ရိုက်အကြောင်းကြားခဲ့ခြင်းအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရအထက်ပါ ကိစ္စရပ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်ဆောင်ရွက်နိုင်သောကိစ္စ မဟုတ်သဖြင့် နောင်အလားတူကိစ္စမျိုး မဖြစ်စေရေးအတွက်အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌမှ ယင်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား ခေါ်ယူဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့မှုကိုကော်မတီအစည်းအဝေးပြုလုပ်၍ ကော်မတီဝင်များအား ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ ရှင်းလင်းပြောကြားခြင်း အစည်းအဝေး(၂/၂၀၁၇)ကို ဆောင်ရွက်ခဲ့ပါသည်၊

(င) ၁၃-၆-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား လေ့လာရေးရောက်ရှိနေသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်း၍ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဦးမင်းဦး က လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခြင်းနှင့် မေးမြန်းခြင်း၊ မေးခွန်းများအား ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း အစည်းအဝေး (၃/၂၀၁၇) ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) ၂၆-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့တွင် မေးခွန်းမေးမြန်းပြီးချိန်၌ လွှတ်တော်ကိုယ်စားလှယ်များအား နှုတ်ဆက်ဂါရဝစကားပြောကြားရာတွင် မူမှန်မဟုတ်သောတေးသီချင်းသီဆိုသည့် အပြုအမူဖြင့် ဆောင်ရွက်သွားခဲ့ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီက ယင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား ခေါ်ယူတွေ့ဆုံပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြုမူပြောဆိုနေထိုင်ခြင်းနှင့် စပ်လျဉ်းသည့် လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းချက်များကိုရှင်းလင်းပြောကြားခဲ့ပါသည်၊

(ဆ) ၂၈-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော် အခွင့်အရေး ကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်လတ်

တို့အား ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လွှတ်တော်ရုပ်သံလိုင်းတွေ့ဆုံ မေးမြန်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပနေစဉ်ကာလအတွင်း ၈-၁၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏မဲဆန္ဒနယ်ရှိ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်တိုင်စီမံခန့်ခွဲခြင်းနှင့် သွယ်ဝိုက်ဖိအားပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း ကျေးရွာဒေသခံ (၃)ဦးက တိုင်ကြားခဲ့ခြင်းအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်ချက်အရ ယင်းလွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အခွင့်အရေးချိုးဖောက်ခဲ့ခြင်း ရှိ/မရှိ စိစစ်လေ့လာရန် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင် ဦးမင်းဦး တို့က ယင်းလွှတ်တော်ကိုယ်စားလှယ်အား ခေါ်ယူတွေ့ဆုံ၍ ဖြေရှင်းချက်တောင်းခံခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏ ဖြေရှင်းချက်ကိုလည်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကော်မတီညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) တွင် ကော်မတီဝင်များအား ရှင်းလင်းတင်ပြခဲ့ပါသည်၊

(ဈ) ၂၂-၁၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင် ဦးမင်းဦးတို့သည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးညှိနှိုင်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကော်မတီတစ်ခု၏ဥက္ကဋ္ဌက ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများအား ဖိတ်ကြားလိုခြင်းကိစ္စကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြလာခြင်းအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ယင်းကော်မတီဥက္ကဋ္ဌအား ခေါ်ယူတွေ့ဆုံပြီး ရှင်းလင်းချက် တောင်းခံခဲ့ပါသည်၊

(ည) အချုပ်အားဖြင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု(၂)ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှု(၁)ကြိမ်၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တွေ့ဆုံမှု(၁)ကြိမ်၊ ကော်မတီ၏ လုပ်ငန်းအစည်းအဝေး(၄)ကြိမ်နှင့် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ တိုင်ကြားစာများကို စိစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ကော်မတီ၏ လေ့လာတွေ့ရှိချက်**

၅။ (က) ဒုတိယအကြိမ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က လွှတ်တော်အခွင့်အရေးကော်မတီသို့ လွှဲအပ်သောကိစ္စရပ်များနှင့် တိုင်ကြားစာများကို စိစစ်လေ့လာခြင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ အောက်ပါတို့ကို လေ့လာတွေ့ရှိရပါသည်-

(၁) လွှတ်တော်ကိုယ်စားလှယ်အချို့သည် မိမိ၏ တာဝန်ဝတ္တရားဖြစ်သော မဏ္ဍိုင်ကြီး သုံးရပ်အကြား အပြန်အလှန် ထိန်းညှိခြင်းဆောင်ရွက်ရာ၌ တစ်ခါတစ်ရံ အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက် ဆောင်ရွက်မိခြင်း၊

(၂) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ယင်းအဖွဲ့အစည်းများမှ ပြန်လည်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု အားနည်းခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်သင့်သလောက် မအောင်မြင်ခြင်း၊

(၃) လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော သတင်းအချက်အလက်၊ အထောက်အထား၊ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဆင့်ဆင့်သော အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသို့ တောင်းခံရာတွင် လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံသည့် အချက်အလက်များကို သက်ဆိုင်ရာမှ ပေးပို့မှု နှောင့်နှေးကြန့်ကြာခြင်းနှင့် လုံးဝ ပေးပို့မှုမရှိခြင်း၊ စသည်ဖြင့် လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သုံးသပ်အကြံပြုချက်**

၆။ (က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်းသဘော မသက်ရောက်စေရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း အကြံပြု တင်ပြအပ်ပါသည်၊

(ခ) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ ပါ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒ ဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊

အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူ့အကျိုးကိုရှေးရှုကာ အပြုသဘောဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းအကြံပြုအပ်ပါသည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံသည့် အချက်အလက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် အဆင့်ဆင့်သောအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုမြန်ဆန်လာပြီး ပြည်သူများကို ကိုယ်စားပြုသောလွှတ်တော်၏ အခန်းကဏ္ဍသည်လည်း ပိုမိုအားကောင်းလာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ၊ ထိခိုက်နစ်နာဖွယ်ရှိသည်ဟူသော အကြောင်းပြချက်မှအပ ကျန်ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများနှင့် အမျိုးသားလွှတ်တော်ရုံး သုတေသနဝန်ဆောင်မှုဌာနများက တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)အရ အမြန်ဆုံး ဆောင်ရွက်ပေးသင့်ကြောင်း သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့

**နိဂုံး**

၇။ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ အခွင့်အရေး၊ ရပိုင်ခွင့်၊ နစ်နာဆုံးရှုံးမှုများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများနှင့် စပ်လျဉ်းပြီး ကော်မတီသို့တင်ပြလာပါက လိုအပ်သလို ဆွေးနွေးညှိနှိုင်းပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် (အတွင်းရေးမှူး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးကာလအထိ ဆောင်ရွက်ခဲ့သော ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးထိ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။　　နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် မမျှမတမှုများ၊ နည်းလမ်းမကျမှုများကို ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကဏ္ဍရှိ နိုင်ငံသားများ၏ ရပိုင်ခွင့်များအား နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် (၃)ကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

**ကော်မတီသက်တမ်းသတ်မှတ်ခြင်း**

၂။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၁၂)၊ ပုဒ်မ ၁၀၇ နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးနိုင်ပြီး ထိုသို့တာဝန်ပေးအပ်ခြင်းအား အနီးကပ်ဆုံးကျင်းပသော လွှတ်တော် အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေး ကာလထိ ပြုလုပ်ခဲ့သည့် အစည်းအဝေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၁၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီအစည်းအဝေး (၁၉)ကြိမ် ပြုလုပ်ခဲ့ပါသည်။

(ခ) ၁၇-၈-၂၀၁၇ ရက်နေ့တွင် Ever Green Group အဖွဲ့နှင့် မြန်မာ့ရေလုပ်သားများ ကျွန်ပြုခိုင်းစေခံရခြင်းနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

(ဂ) ၂၅-၈-၂၀၁၇ ရက်နေ့နှင့် ၈-၂-၂၀၁၈ ရက်နေ့တို့တွင် အကျဉ်းထောင်များ ဥပဒေ မူကြမ်း ပြင်ဆင်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့်လည်းကောင်း၊ ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလအထိ ဆောင်ရွက်ချက် များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဃ) အခါအားလျော်စွာ ကျင်းပပြုလုပ်သည့် Workshop များ၊ Seminar များသို့ တက်ရောက်ဆွေးနွေးခြင်း၊ ရက်တိုသင်တန်းများတက်ရောက်ခြင်း၊ ပြည်ပနိုင်ငံ များသို့ လေ့လာရေးခရီးသွားရောက်ခြင်း၊ အစည်းအဝေးတက်ရောက်ခြင်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များ ကို ဆောင်ရွက်ပါသည်။

**ကော်မတီမှ ကွင်းဆင်းစစ်ဆေးခြင်း**

၄။ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများ၏လူ့အခွင့်အရေးအခြေအနေများအား သိရှိရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ၉-၁၁-၂၀၁၇ ရက်နေ့တွင် ကလေးအကျဉ်းထောင်နှင့် ကလေးဝမြို့မရဲအချုပ်သို့လည်းကောင်း၊ ၁၀-၁၁-၂၀၁၇ ရက်နေ့တွင် ရာဇဝတ်ဂိုဟ်(၁)နှင့်(၂)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း သွားရောက်၍ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ထောင်ပိုင်၊ ဝန်ထမ်းများ၊ အကျဉ်းသားများနှင့်တွေ့ဆုံခဲ့ပြီး အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများနှင့် စစ်ဆေးတွေ့ရှိချက်အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုပေးပို့ခဲ့ပါသည်။

**တိုင်ကြားစာလက်ခံရရှိခြင်း**

၅။ ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးကာလအထိ ကော်မတီသို့ နိုင်ငံသားများထံမှ ပေးပို့လာသော တိုင်ကြားစာ(၁၂၃)စောင်အား လက်ခံရရှိပါသည်။ ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာသော တိုင်ကြားစာများအားစိစစ်၍ အမှန်တကယ်နစ်နာမှုရှိသည့် အမှုတွဲ(၇၁)စောင်သာဆောင်ရွက်၍ မိတ္တူများနှင့် စုပေါင်းလိပ်မူတိုင်ကြားခြင်းများအား ကော်မတီတွင် မှတ်တမ်းအဖြစ်သာထားရှိခဲ့ပါသည်။

**တိုင်ကြားစာများအား စိစစ်ခြင်း၊ လွှဲပြောင်းပေးပို့ခြင်း**

၆။ ကော်မတီသို့ရောက်ရှိလာသော နိုင်ငံသားများ၏ရပိုင်ခွင့်များ၊ လူ့အခွင့်အရေး ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်သည့် တိုင်ကြားစာများအပေါ် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းပြန်ကြားပေးနိုင်ရန်ပေးပို့ခြင်း၊ ကာယကံရှင်များထံပြန်ကြားခြင်း၊ လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်သည့် အမှုတွဲများအား လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ ခြင်းနှင့် လိုအပ်ပါက ကွင်းဆင်းလေ့လာစိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၇။ တိုင်ကြားစာများနှင့်စပ်လျဉ်းပြီး အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့ကအမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဤကော်မတီသို့ ပြန်လည်ပေးပို့ပါသည်။ ကော်မတီမှတစ်ဆင့်သက်ဆိုင်ရာ တိုင်ကြားသူများထံ ပြန်လည်အကြောင်းကြားအသိပေးခြင်းဖြင့် ပြည်သူများ လွှတ်တော်ကိုပိုမိုယုံကြည် အားကိုးလာမည်ဖြစ်ပါသည်။

၈။ ၁၉-၂-၂၀၁၆ မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ပြန်ကြားခြင်းမရှိသေးသော တိုင်ကြားစာအမှုတွဲပေါင်း(၇၅)စောင် ကျန်ရှိပါသည်။ ယင်းသို့ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ အကြောင်းပြန်ကြားခြင်းမရှိပါက ကော်မတီအနေဖြင့်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌထံကျိုးကြောင်းဖော်ပြချက်များနှင့်တကွ တင်ပြဆောင်ရွက်ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်**

၉။ ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ကွင်းဆင်းတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းခြင်းများပြုလုပ်မည်။

(ခ ) တိုင်ကြားစာများနှင့်စပ်လျဉ်း၍လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ကြားသူတို့အား ခေါ်ယူကြားနာခြင်းများပြုလုပ်မည်။

(ဂ ) လူ့အခွင့်အရေးဆုံးရှုံးနစ်နာနေသည်ဟု ယူဆရသော စက်ရုံ/အလုပ်ရုံများသို့ ကွင်းဆင်းလေ့လာစစ်ဆေးမည်။

(ဃ) လေ့လာရေးခရီးစဉ်သွားရောက်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များအား အများပြည်သူသိရှိစေရန် မျှဝေပေးမည်။

**ကော်မတီ၏ သုံးသပ်အကြံပြုချက်**

၁၀။ ကော်မတီမှ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) ပြည်သူတို့မှ ပေးပို့လာသည့် အချို့သောတိုင်ကြားစာ၊ အသနားခံစာနှင့် တင်ပြချက်များပါအမှုတွဲများသည် အထောက်အထားခိုင်လုံမှုမရှိခြင်း၊ ရှင်းလင်းတိကျစွာတိုင်ကြားမှုမရှိခြင်းတို့ကြောင့် ဤကော်မတီက ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း အဆိုပါ အမှုဖြစ်ပွားသောဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီရယူလျက် ပြည်သူတို့၏နစ်နာမှုများအား ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဒီမိုကရေစီလမ်းကြောင်းပေါ် ချီတက်နေချိန်တွင် လူမျိုး၊ မွေးဖွားရာဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ ကျား/မ မခွဲခြားဘဲ ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးပေးထားသဖြင့် နိုင်ငံတော်တွင် ဒီမိုကရေစီထွန်းကားရေးကို ကော်မတီအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

(ဂ) ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော၊ နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ ကွင်းဆင်းလေ့လာ စစ်ဆေးတွေ့ရှိချက်များ၊ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများက ပြန်လည်စစ်ဆေးအရေးယူ ဆောင်ရွက်ချက်များကို ဤကော်မတီက ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား ဤကော်မတီသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ရေး လွှတ်တော်က တိုက်တွန်းပေးသင့်ပါသည်။

**နိဂုံး**

၁၁။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းပေးထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ဤလွှတ်တော်က ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ပါအတိုင်း နိုင်ငံသားများ၏မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်

များနှင့်အညီရရှိစေရေး၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များနှင့်အညီ နိုင်ငံသားတိုင်း တရားမျှတမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ သာတူညီမျှမှုအခွင့်အရေး၊ လူ့အခွင့်အရေးအပြည့်အဝရရှိစေရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်သော လူမှုအခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများပေါ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီကျင့်စဉ် ချောမွေ့စွာ ဆက်လက်ရှင်သန် ဖြစ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံ တင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်
နိုင်ငံသားများ၏မူလအခွင့်အရေး၊
ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည် စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပညာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးကျော်သောင်း(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာ ပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်

ဦးကျော်သောင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ တာဝန်ပေးချက်အရ ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ ၂၆-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အနှစ်ချုပ် ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**(၂၆-၇-၂၀၁၇)မှ (၂၈-၂-၂၀၁၈)ကာလအတွင်း ပညာရေးမြှင့်တင်မှုကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

## နိဒါန်း

၁။ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဟူသော ပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတွင် ကူညီဆောင်ရွက်ပေးရန် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေခဲ့ပါသည်။

## ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂။ အမျိုးသားလွှတ်တော်၏ ၁၄-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀-၁၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၇)ဖြင့် အဖွဲ့ဝင်ဖြစ်သူ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ခင်ဇော် အစား ဗိုလ်မှူးကြီးထိန်လင်း အား အစားထိုး ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ဥက္ကဋ္ဌ ဒေါ်နော်မြစေး၊ အတွင်းရေးမှူး ဦးကျော်တုတ် အပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများမှာ ယခုတင်သွင်းသောကာလအတွင်း ကော်မတီအစည်းအဝေး(၁၁)ကြိမ်အပါအဝင် အစည်းအဝေးပေါင်း(၄၁)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုတင်သွင်းသော ကာလအတွင်း ပြည်တွင်း၊ ပြည်ပ Call တွေ့ဆုံခြင်း(၃)ကြိမ်အပါအဝင် တွေ့ဆုံပွဲပေါင်း(၁၁)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

## ကွင်းဆင်းလေ့လာမှုများပြုလုပ်ခြင်း

၄။ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၅)ဦးတို့သည် ၆-၁-၂၀၁၈ မှ ၁၂-၁-၂၀၁၈ ရက်နေ့အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့၊ မောင်တောမြို့များသို့ ပညာရေး

ဝန်ကြီးဌာန ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ပညာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး၊ ကလေးတိုင်း အခြေခံပညာပြီးမြောက်စေရေးနှင့် ဆက်လက်ပညာသင်ကြားနိုင်ရေး၊ ဆရာ၊ ဆရာမများရဲ့ လူနေမှုဘဝ အဆင်ပြေချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ ကွင်းဆင်းလေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိအကြံပြုချက်များ**

၅။ ပညာရေးမြှင့်တင်မှုကော်မတီသည် အောက်ပါတို့ကို လေ့လာတွေ့ရှိအကြံပြုပါသည် -

(က) ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံး အခြေခံပညာအနေဖြင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ခန့်ထားနိုင်မှုမှာ(၈၀.၆၉)ရာခိုင်နှုန်း၊ ဆရာအင်အားခန့်ထားနိုင်မှု (၈၆.၆၂) ရာခိုင်နှုန်းရှိရာ ခန့်ထားနိုင်မှု အားနည်းချက်မရှိသော်လည်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ လစ်ဟင်းမှုမရှိစေရန် ပညာရေးမှူးများ၊ ကျောင်းအုပ်များ အမြန်ဆုံး ခန့်ထားနိုင်ရန် အကြံပြုပါသည်။

(ခ) ရခိုင်ပြည်နယ်(၁၇)မြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း(၃၁၉၉)ကျောင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအောက်ရှိ ကျောင်းပေါင်း(၇၀)ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း(၁၇) ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၈၅) ကျောင်း၊ ဆရာ၊ ကျောင်းသား အချိုး အထက်တန်းအဆင့်(၁း၂၃)၊ အလယ်တန်းအဆင့် (၁း၂၅)၊ မူလတန်းအဆင့် (၁း၂၅)ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်း(၁၇.၁၆) ရာခိုင်နှုန်းရှိရာ၊ အောင်ချက် ရာခိုင်နှုန်း နိမ့်ကျရခြင်း မသမာမှု၊ ဖြေဆိုမှုများ ရှိခဲ့ခြင်းကြောင့်ဟု သိရှိရပြီး မသမာဖြေဆိုမှု ပပျောက်အောင် တစ်နှစ်ထက်တစ်နှစ် အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ကြောင်း သိရှိရသည်။ အောင်ချက်ရာခိုင်နှုန်း တိုးတက်လာရန် ဘာသာရပ် ဆရာများ လိုအပ်ချက် ခန့်ထားနိုင်ရန် အကြံပြုပါသည်။

(ဂ) စစ်တွေ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်၊ စစ်တွေကွန်ပျူတာ တက္ကသိုလ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ သွားရောက်တွေ့ဆုံ ဆွေးနွေးလေ့လာခဲ့ပါသည်။ စစ်တွေနည်းပညာတက္ကသိုလ်နှင့် စစ်တွေမြို့မှာ (၁၁)မိုင် ဝေးကွာပြီး လမ်းတစ်လျှောက် ဘင်္ဂါလီရွာများ တွေ့ရှိရပြီး မြို့ပေါ်ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချအဆင်ပြေစွာ သွားလာနိုင်ရန် School bus များ စီစဉ်ပေးရန် အကြံပြုပါသည်။ စစ်တွေကွန်ပျူတာတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်ပေးရန်၊ အစိုးရနည်းပညာအထက်တန်း ကျောင်းသို့ ရပ်ဝေးကျောင်းသားများ တက်ရောက်နိုင်ရန် ကျောင်းအိပ်ဆောင် ဆောက်လုပ်ပေးရန် အကြံပြုပါသည်။

(ဃ) ဘုူးသီးတောင်၊ ရသေ့တောင်၊ မောင်တောမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးပွဲ ဆွေးနွေးခဲ့ရာ ဘူးသီးတောင်မြို့နယ်တွင် ကျောင်းပေါင်း(၄၆)ကျောင်း၊ မောင်တောမြို့နယ်တွင် ကျောင်းပေါင်း (၇၈) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ ကျောင်း(၁၀)ကျောင်း မဖွင့်နိုင်သေးကြောင်း၊ ဘူးသီးတောင်မြို့နယ်၏ ဇူလိုင်လ ကျောင်းသားစာရင်းနှင့် ဒီဇင်ဘာလ ကျောင်းသား စာရင်း(၃၃၆၈၉)ဦး လျော့နည်းနေကြောင်း၊ မောင်တောမြို့နယ်တွင် ကျောင်းသား (၇၅၆၅၃)ဦး လျော့နည်းနေကြောင်း၊ ဘင်္ဂါလီ ဆရာ၊ ဆရာမ၊ ကျောင်းအုပ်၊ ဝန်ထမ်းစုစုပေါင်း(၆၅)ဦးမှာ (၅)ဦး အဆက်အသွယ်ပြတ်တောက်နေကြောင်း သိရှိရပါသည်။ လုံးဝမဖွင့်နိုင်တော့သည့်ကျောင်းမှ ဆရာ၊ ဆရာမများ တာဝန်ဆက်လက်ထမ်းဆောင်နိုင်ရန် စီမံခန့်ခွဲမှုအဆင့်ဆင့်မှ မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အကြံပြုအပ်ပါသည်။ အခြားတိုင်းနှင့် ပြည်နယ်ရှိကျောင်းများနှင့်မတူ ထူးခြားသော သွင်ပြင်လက္ခဏာရှိသော ကျောင်းများဖြစ်၍ ကျောင်းစောင့်များ အမြန်ခန့်ထားပေးရန်၊ ကျောင်းလုံခြုံရေးနှင့် ခြံစည်းရိုးခတ်ပေးရန်၊ နေ့ချင်းပြန် ဆရာ၊ ဆရာမများ သွားလာရေး လုံခြုံချောမွေ့ရေးအတွက် School bus များ စီစဉ်ပေးရန်၊ ရပ်ဝေးဆရာ၊ ဆရာမများအတွက် လုံခြုံအဆင်ပြေသော စုရပ်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အကြံပြုပါသည်။

(င) United World Schools (UWS) တည်ထောင်သူနှင့် ဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံအတွင်း ပညာရေးလက်လှမ်းမမီသော ဒေသရှိ ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးလုပ်ငန်းများ ကူညီလုပ်ကိုင်ရန် ရည်ရွယ်ကြောင်း၊ ရှမ်းပြည်နယ်၊ တာချီလိတ်၊ ဖယ်ခုံမြို့များတွင် လက်ရှိပညာရေး ပံ့ပိုးပေးနေသည့် ရွာပေါင်း(၂၀)၊ ကျောင်းပေါင်း(၁၆)ကျောင်း၊ ဆရာ၊ ဆရာမ(၅၀)ဦး၊ ကျောင်းသား၊ ကျောင်းသူ(၁၄၀၀)ခန့် မူလတန်းပညာသင်ယူလျက်ရှိကြောင်း သိရှိရပါသည်။ ကျောင်းဆောက်လုပ်ခွင့်၊ ဆရာ၊ ဆရာမများ အဆင်ပြေစွာ သွားလာခွင့် စသော အခက်အခဲများကို ဒေသအဆင့်ဆင့် စီမံခန့်ခွဲသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီး မြန်ဆန်စွာ ကူညီနိုင်ရန် အကြံပြုပါသည်။

**အကြံပြုချက်များ**

၆။ ကော်မတီ၏အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာ အလွတ်ကျက်မှတ်ဖြေဆိုခြင်းပုံစံမှ စဉ်းစားတွေးခေါ်ဖြေဆိုခြင်းပုံစံသို့ ပြောင်းလဲခြင်းကို အချိန်မီ ကျယ်ပြန့်စွာ ထုတ်ပြန်အသိပေးရန် အကြံပြုပါသည်။

(ခ) စတုတ္ထတန်း၊ အဋ္ဌမတန်း စာမေးပွဲကို ပြည်နယ်၊ တိုင်းမှ စစ်ဆေးပြီး အမှန်တကယ် အောင်/ရှုံး ထုတ်ပြန်ရန် သို့မဟုတ် ဖြေဆိုသူအားလုံး အအောင်ပေးလျှင် ကျောင်းတွင်း စစ်၊ စစ်ဆေးရန် ဟူသော မိဘများ၊ ဆရာများတို့၏ ဝေဖန်ချက်များကို ပြန်လည် သုံးသပ်ဆွေးနွေးရန် အကြံပြုပါသည်။

(ဂ) ပညာရေးဝန်ကြီးဌာနအောက် ဆောက်လုပ်ခွင့်ရအဆောက်အဦများ၏ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာစွာရှိရေး၊ အရည်အသွေးပြည့်မီရေးတို့ကို စီမံခန့်ခွဲသူအဆင့်ဆင့်မှ တာဝန်ခံမှု ပြည့်ဝစွာရှိစေရန် အကြံပြုပါသည်။

(ဃ) ဆရာ၊ ဆရာမများ ရာထူးတိုး ပြောင်းရွှေ့ကိစ္စများ ကျောင်းဖွင့်အမီ ဆောင်ရွက်ရန် အကြံပြုပါသည်။

(င) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ပထမခြေလှမ်းဖြစ်သော KG တန်း၊ Grade-1 ကျောင်းသား၊ ကျောင်းသူများ ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှု မည်သို့တိုင်းတာသည်ကို ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ တိုင်းနှင့်ပြည်နယ်အလိုက် သုံးသပ်သောလုပ်ငန်းများ ကျယ်ပြန့်စွာသိရှိနိုင်ရန် ထုတ်ပြန်သင့်ကြောင်း အကြံပြုပါသည်။

(စ) နှစ်စဉ် အရေအတွက်များစွာ တိုးတက်နေသော ကိုယ်ပိုင်ကျောင်းများကို စည်းစနစ်ကျစွာ ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်စေရန်အတွက် ပုဂ္ဂလိကကျောင်းဥပဒေကို မြန်ဆန်စွာ ပြဋ္ဌာန်းနိုင်ရန် အကြံပြုအပ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

**နိဂုံး**

၇။ အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အောင်မြင်ရေးကို ရှေးရှုလျက် ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ (၁၂)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၂:၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့ အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ (၁၂)ခု၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီး ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက် နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၂:၀၃ နာရီအချိန်တွင်ရပ်နားပါသည်။]